## အခွန်ပေးဆောင်ရမည့်ရက် တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထားခြင်း
## အကြောင်းသိကောင်းစရာများ

၁။ သက်ဆိုင်ရာအခွန်ဥပဒေများအရ အခွန်ပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးထားပေးသွင်းရမည့် နေ့ရက်များကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

| စဉ် | ပေးသွင်းရမည့်အခွန်အမျိုးအစား | နောက်ဆုံးထားပေးသွင်းရမည့်နေ့ |
|---|---|---|
| က | သုံးလတစ်ကြိမ်ဝင်ငွေခွန်ပေးသွင်းခြင်း | သုံးလပြည့်မြောက်သည့်ရက်မှ(၁၀)ရက်အတွင်း၊ |
| ခ | အခြေပစ္စည်းမှမြတ်စွန်းငွေခွန်မှန်းတွက်ချက်ပေးသွင်းခြင်း | ရောင်းချ/လဲလှယ်/လွှဲပြောင်းသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း၊ |
| ဂ | လစဉ်ကုန်သွယ်လုပ်ငန်းခွန် | သက်ဆိုင်ရာလကုန်ဆုံးပြီး(၁၀)ရက်အတွင်း၊ |
| ဃ | လစဉ်အထူးကုန်စည်ခွန် | သက်ဆိုင်ရာလကုန်ဆုံးပြီး(၁၀)ရက်အတွင်း၊ |
| င | စည်းကြပ်မှုအရကျသင့်အခွန် | စည်းကြပ်မှုပြုလုပ်သည့်နေ့မှ(၁၄)ရက်အတွင်း သို့မဟုတ် စည်းကြပ်မှုအကြောင်းကြားစာပါ သတ်မှတ်ရက်။ |

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် သက်ဆိုင်ရာအခွန်ဥပဒေများအရ အခွန်ပေးသွင်းခြင်းနှင့် စပ်လျဉ်း၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ပေးသွင်းနိုင်ခြင်းမရှိပါက အချိန်တိုးမြှင့်ပေး ရန်လျှောက်ထားနိုင်သည့်အခွင့်အရေးရှိပါသည်။

၃။ လျှောက်ထားရာတွင် အခွန်ပေးသွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထား ရမည်ဖြစ်ပြီး ပေးဆောင်ရမည့် အခွန်ငွေပမာဏနှင့် ဒဏ်ကြေးငွေအား တစ်လုံးတည်းဖြစ်စေ၊ အရစ်ကျဖြစ်စေ ပေးသွင်းရန် တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၄။ အခွန်ထမ်းပြည်သူများအနေဖြင့် သက်ဆိုင်ရာအခွန်ရုံးများသို့ အခွန်ပေးသွင်းရမည့်ရက်ကို တိုးမြှင့် ပေးရန် လျှောက်လွှာတင်သွင်းခြင်းဖြစ်ပါက ၎င်းလျှောက်လွှာကို လက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းအား သက်ဆိုင်ရာအခွန်ရုံးထံမှ ရယူရမည်ဖြစ်ပါသည်။ အချိန်တိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် ခွင့်ပြုကြောင်း သို့မဟုတ် ခွင့်မပြုကြောင်း အကြောင်းကြားစာကို လျှောက်လွှာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်း သက်ဆိုင်ရာအခွန်ရုံးမှ အကြောင်းပြန်ကြားမည်ဖြစ်ပါသည်။

၅။ အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၄၊ ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့်နေ့ရက်ထက်ကျော်လွန်၍ အခွန်ပေးဆောင်ရမည့်ရက်တိုးမြှင့်ပေးရန် လျှောက်ထား လိုပါက သတ်မှတ်လျှောက်လွှာပုံစံကို https://www.ird.gov.mm/sites/default/files/TAL_44_Payment Date_Extension_Form.pdf မှ ရယူ၍ မိမိတို့အခွန်ပေးသွင်းနေသည့်အခွန်ရုံးများသို့ လျှောက်ထားနိုင် ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**